Ooredoo သုံးစွဲသူတစ်ယောက်ဖြစ်လာ သည့် အတွက် ချီးကျူးဂုဏ်ပြုပါသည်။ ယခုသဘောတူ စာချုပ်သည် မိတ်ဆွေနှင့် ကျွန်ုပ်တို့ကြားတွင် ဖုန်းခေါ်ဆိုခြင်း၊ စာတိုပို့ခြင်းနှင့် အင်တာနက် (Internet) အသုံးပြုခြင်းကို ကြိုတင်ပေးငွေစာရင်းဖြင့် သုံးစွဲခြင်းဆိုင်ရာတရားဥပဒေနှင့်အညီ ချုပ်ဆိုမည့် စာရွက်စာတမ်းတစ်စောင်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ဝန်ဆောင်မှုများနှင့်ပါတ်သက်သော စည်းမျဉ်းစည်းကမ်းများကို နားလည်သဘောပေါက်ပြီး ၎င်းတို့ နှင့် ပါတ်သက်၍ အချက်အလက်များကို လိုအပ်သလို ရယူနိုင်ရန် ဤသဘောတူစာချုပ်ကို သေချာစွာဖတ်ရှုသင့်ပါသည်။

## ၁။ ကျွန်ုပ်တို့၏ သဘောတူစာချုပ်

၁.၁။ ကျွန်ုပ်တို့ဝန်ဆောင်မှုများကို စတင်အသုံးပြုသည်နှင့် ဤသဘောတူစာချုပ်သည် စတင်အကျုံးဝင်ပါသည်။ ဝန်ဆောင်မှုအသုံးပြုသည့် အကြိမ်တိုင်း ဤသဘောတူစာချုပ်ကို မိတ်ဆွေလိုက်နာသည်ဟု အသိအမှတ်ပြုခံရပါမည်။

၁.၂။ မိတ်ဆွေ ဆင်းကတ်(SIM Card) ဝယ်ယူသည့်နေရာတွင် ကျွန်ုပ်တို့ချမှတ်ထားသည့် သုံးစွဲသူ မှတ်ပုံတင်ခြင်း အချက်အလက်များ ပုံစံကို တိကျစွာ ဖြည့်စွက်ရပါမည်။ ထိုသို့ ဖြည့်စွက်သည့် အချက်အလက်များ တိကျပြည့်စုံခြင်းမရှိပါက သို့မဟုတ် သုံးစွဲသူအဖြစ် မှတ်ပုံတင်ခြင်းမရှိပါဘဲ ဆင်းကတ်(SIM Card) သုံး စွဲနေသည်ဟု ယူဆပါက လိုအပ်သောအချက်အလက်များ ဖြည့်စွက်နိုင်ရန် မိတ်ဆွေကို အကြောင်းကြားပါမည်။ ကျွန်ုပ်တို့ အကြောင်းကြားချက် ပေးပို့ပြီး ( ၁၄ ) ( တစ်ဆယ့်လေး ) ရက်အတွင်း ပြန်လည် အကြောင်းကြားခြင်း မရှိပါဟု ယူဆပါက ကျွန်ုပ်တို့၏ဝန်ဆောင်မှုများ ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ပါသည်။ မိတ်ဆွေ၏ကြိုတင်ငွေသွင်းစာရင်းကိုလည်း ထပ်မံအကြောင်းကြားခြင်းမပြုလုပ်ဘဲ ကျွန်ုပ်တို့ ဆန္ဒအရ ရပ်ဆိုင်းထားမည် ဖြစ်ပါသည်။

## ၂။ ကျွန်ုပ်တို့၏ website အခွန်အခနှင့်ဝန်ဆောင်မှုဆိုင်ရာဖော်ပြချက်များ

၂.၁။ ကျွန်ုပ်တို့၏ဝန်ဆောင်မှုများနှင့် ၎င်းတို့အတွက်ကျသင့်သော ဝန်ဆောင်မှုနှုန်းထားများကို www.ooredoo.com/mm တွင် အသေးစိတ်ဖော်ပြထားပါသည်။

၎င်းအချက်အလက်များသည် ကျွန်ုပ်တို့ချုပ်ဆိုထားသော ဥပဒေဆိုင်ရာ သဘောတူစာချုပ်၏ အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ ၎င်းတို့တွင် အင်တာနက်(Internet) ဝန်ဆောင်မှုအတွက် ပါဝင်သည့်

အကြောင်းအရာများ၊ ဂန်ဆောင်မှုသုံးစွဲသည့်နည်းလမ်းများ၊ ချိတ်ဆက်မည့်နေရာ၊ ဂန်ဆောင်မှု၏ အရည်အသွေး စသည်တို့အပေါ်မူတည်၍ သီးခြား သတ်မှတ်ထားသော နှုန်းထားများ ပါဂင်ပါသည်။

၂.၂။ ကျွန်ုပ်တို့၏ဂန်ဆောင်မှုအချို့အဝက် သို့မဟုတ် အားလုံးအတွက် တရားမျှတစွာသုံးစွဲခြင်းပေါ်လစီကို ကျွန်ုပ်တို့၏ website/www.ooredoo.com/mm တွင် တင်ထားပေးပါမည်။ ထိုပေါ်လစီတွင် ဂန်ဆောင်မှုသုံးစွဲခြင်းနှင့်ပါတ်သက်သည့် စည်းမျဉ်းစည်းကမ်းများ အသေးစိတ် အချက် အလက်များ ပါဂင်ပါသည်။ ထိုသို့ပြုလုပ်ရခြင်းမှာ လိမ်လည်မှုကိုတားဆီးနိုင်ရန်နှင့် အလွန်အကျွံ သုံးစွဲခြင်းကြောင့် တခြားသုံးစွဲသူများ ကောင်းမွန်သည့်ဂန်ဆောင်မှုရရှိခြင်းကို အနှောင့်အယှက် မဖြစ်စေရန် ရည်ရွယ်ပါသည်။ ကျွန်ုပ်တို့၏ ဂန်ဆောင်မှုများကို ဤတရားမျှတစွာ သုံးစွဲခြင်း ပေါ်လစီအရ သာ မိတ်ဆွေသုံးစွဲရပါမည်။

၂.၃။ ကျွန်ုပ်တို့ website လိပ်စာကို ပြောင်းလဲပါက နိုင်ငံ့သတင်းစာ သို့မဟုတ် ဂျာနယ်တွင် ကြော်ငြာထည့်သွင်း ကြေငြာပေးပါမည်။

၂.၄။ ကျွန်ုပ်တို့၏ တရားဥပဒေအရ သဘောတူစာချုပ်ကိုပြောင်းလဲမည်ဆိုပါက ကျွန်ုပ်တို့၏ website တွင် ပြုပြင်ပြောင်းလဲထားသည့်စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ခြင်း သို့မဟုတ် မိတ်ဆွေထံ တိုက်ရိုက်ဆက်သွယ်ခြင်း ပြုလုပ်ပေးပါမည်။ ထိုပြောင်းလဲခြင်းများမှာ စည်းမျဉ်းစည်းကမ်းများ ပြောင်းလဲခြင်း၊ ဂန်ဆောင်မှုဆိုင်ရာ အချက်အလက်များပြောင်းလဲခြင်း၊ နှုန်းထားများပြောင်းလဲခြင်း စသည်တို့ဖြစ်ပါသည်။ စည်းမျဉ်းစည်းကမ်းများပြောင်းလဲခြင်းအတွက် မိတ်ဆွေကို ရက် (၃၀) (ရက်သုံးဆယ်) နို့တစ်ပေးပို့ပြီးမှ ထိုပြောင်းလဲမှု စတင်အသက်ဂင်ပါမည်။အပြောင်းအလဲများ သိရှိနိုင်ရန် ကျွန်ုပ်တို့ website (www.ooredoo.com/mm) ကို ပုံမှန်ကြည့်ရှုပါ။

၂.၅။ ထိုအပြောင်းအလဲများကို website တွင်ထုတ်ပြန်ခြင်း မိတ်ဆွေသို့ တိုက်ရိုက်ဆက်သွယ်အသိပေးခြင်းများ ပြုလုပ်ပြီးချိန်တွင် ကျွန်ုပ်တို့ဂန်ဆောင်မှုများကို ဆက်လက်အသုံးပြုနေပါက ထိုပြောင်းလဲထားသော စည်းမျဉ်းစည်းကမ်းများ၊ ဂန်ဆောင်မှုဆိုင်ရာဖော်ပြချက်များနှင့် နှုန်းထားများကို မိတ်ဆွေသဘောတူလက်ခံသည်ဟု မှတ်ယူပါမည်။

၂.၆။ ကျွန်ုပ်တို့ဂုန်ဆောင်မှုများအတွက် မိတ်ဆွေမှတ်ပုံတင်သည့်နေရာ၊ ဆိုင်များ(P.O.S )Point Of Sale တွင် စည်းကမ်းချက်များ၊ တရားမျှတစွာသုံးစွဲခြင်းပေါ်လစီ၊ ဂုန်ဆောင်မှုဆိုင်ရာဖော်ပြချက်များနှင့် နှုန်းထားများကို မိတ္တူတစ်စောင် ထားရှိပေးပါမည်။ ဤသဘောတူစာချုပ်ပါ စာရွက်စာတမ်းများအကြားတွင် ကွဲလွဲချက် ဆန့်ကျင်ချက်များ ပါရှိနေပါက အောက်ပါအစီအစဉ်အတိုင်း ဦးစားပေးမှတ်ယူပါမည်။

(က) website တွင် ဖော်ပြထားသော ဂုန်ဆောင်မှုနှုန်းထားများ၊ ထို့နောက်

(ခ ) website တွင် ဖော်ပြထားသော ဂုန်ဆောင်မှုဆိုင်ရာ ဖော်ပြချက်များ၊ ထို့နောက်

(ဂ ) website တွင် ဖော်ပြထားသော တရာမျှတစွာ သုံးစွဲခြင်းပေါ်လစီ၊ ထို့နောက်

(ဃ) website တွင် ဖော်ပြထားသော စည်းမျဉ်းစည်းကမ်းများ၊ ထို့နောက်

(င ) ရောင်းချသောနေရာ၊ ဆိုင်(P.O.S) တွင် မိတ်ဆွေ ဖတ်ရှုနိုင်သည့် ဂုန်ဆောင်မှု နှုန်းထားများ ၊ထို့နောက်

(စ ) ရောင်းချသောနေရာ၊ ဆိုင်(P.O.S) တွင် မိတ်ဆွေ ဖတ်ရှုနိုင်သည့် ဂုန်ဆောင်မှုဆိုင်ရာ ဖော်ပြချက်များ၊ထို့နောက်

(ဆ) ရောင်းချသောနေရာ၊ ဆိုင်(P.O.S) တွင် မိတ်ဆွေ ဖတ်ရှုနိုင်သည့် တရားမျှတစွာ သုံးစွဲခြင်းပေါ်လစီ ၊ထို့နောက်

(ဇ ) ရောင်းချသောနေရာ၊ ဆိုင်(P.O.S) တွင် မိတ်ဆွေ ဖတ်ရှုနိုင်သည့် စည်းမျဉ်းစည်းကမ်းများ

၂.၇။ ကျွန်ုပ်တို့ဂုန်ဆောင်မှုအချို့အား အခါအားလျော်စွာ ထပ်ဆောင်းပေးခြင်း၊ ရပ်တန့်ခြင်းတို့ကို ကျွန်ုပ်တို့အလိုဆန္ဒအရ ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။ အပိုဆောင်းပေးသော ဂုန်ဆောင်မှုများကို website တွင်ထုတ်ပြန်ကြေငြာမည်ဖြစ်ပြီး မိတ်ဆွေစတင်အသုံးပြုနိုင်သောအချိန်မှစ၍ ဖော်ပြပါ စည်းမျဉ်းစည်းကမ်းများနှင့် အကျုံးဂုင်မည်ဖြစ်ပါသည်။ အချို့သော ဂုန်ဆောင်မှုများကို ရပ်တန့်မည်ဖြစ်ပါက အပိုဒ် ၈.၃။ အရ နို့တစ် ထုတ်ပြန်ပေးမည် ဖြစ်ပါသည်။

၃။ ကျွန်ုပ်တို့၏ ကတိစကားများ

၃.၁။ မိတ်ဆွေအတွက်အရည်အသွေးမြင့်ဂန်ဆောင်မှုများကို အချိန်ပြည့်ပေးဆပ်နိုင်ရန် ကျွန်ုပ်တို့ အစွမ်းကုန်ကြိုးစားပါမည်။ ဂန်ဆောင်မှုအခက်အခဲများကြုံတွေ့ရပါက ကျွန်ုပ်တို့၏ website ပါ (Customer Care) သုံးစွဲသူဂန်ဆောင်ရေးဌာနသို့ ဆက်သွယ်နိုင်ပါသည်။ မြန်မာပြည်အတွင်း Ooredoo Myanmar SIM Card အသုံးပြုခေါ်ဆိုမှုများအတွက် မိတ်ဆွေကြိုတင်ငွေသွင်းစာရင်းမှ ခေါ်ဆိုခ ဖြတ်တောက်မည် မဟုတ်ပါ။ ကျွန်ုပ်တို့၏ဂန်ဆောင်မှုများနှင့် ပါတ်သက်၍ ကြုံတွေ့နေရသည့် အခက်အခဲများတင်ပြလာပါက ထိုအခက်အခဲကို ကျွန်ုပ်တို့တတ်စွမ်းသမျှ ဖြေရှင်းပေးပါမည်။ အခက်အခဲများဖြေရှင်းရာတွင် အထောက်အကူပြုရန်နှင့် ကျွန်ုပ်တို့၏သုံးစွဲသူဂန်ဆောင်ရေးဌာန အရည်အသွေးတိုးတက်ရန်အတွက် ထိုသို့ခေါ်ဆိုယူများကို အသံဖြင့်ဖမ်းယူထားနိုင်ပါသည်။ မမျှော်မှန်းနိုင်သော အကြောင်းအရာများကြောင့် ကျွန်ုပ်တို့၏ဂန်ဆောင်မှုချို့ယွင်းထိခိုက်မှုများ ဖြစ်ပေါ်နေချိန်တွင်မှ မိတ်ဆွေတင်ပြလာသောအခက်အခဲများ ဖြေရှင်းပေးခြင်းတို့ကို ဆောင်ရွက်ပါမည်ဟု အာမခံခြင်း မပြုလုပ်နိုင်ပါ။

၃.၂။ မိတ်ဆွေသည် ကျွန်ုပ်တို့၏ဂန်ဆောင်မှုများမှတဆင့် အခြားတတိယအဖွဲ့အစည်းများ၏ သတင်းအချက်အလက်နှင့်ဂန်ဆောင်မှုများကို ရယူသုံးစွဲနိုင်ပါသည်။ ၎င်းတို့အတွက်သော်လည်းကောင်း၊ ၎င်းတို့၏သုံးစွဲမှုနှုန်းထားများနှင့်ပါတ်သက်၍သော်လည်းကောင်း၊ ၎င်းတို့ထံမှ ရယူသည့် သတင်းအချက်အလက်များနှင့်ပါတ်သက်၍သော်လည်းကောင်း၊ ကျွန်ုပ်တို့ထံတွင် တာဂန်မရှိပါ။ မိတ်ဆွေ download ရယူသည့်အရာများတွင် ဗိုင်းရပ်စ်နှင့် အခြားဆိုးဂါးသော ဆော့ဖ်ဂဲများ ကင်းစင်မည်ဟုလည်း ကျွန်ုပ်တို့အာမခံခြင်း မပြုလုပ်နိုင်ပါ။ ကျွန်ုပ်တို့ဂန်ဆောင်မှုများမှတဆင့် အခြားတတိယအဖွဲ့အစည်းများနှင့်ရောင်းဂယ်ဖောက်ကားခြင်းကိုလည်း ကျွန်ုပ်တို့တာဂန်ယူခြင်း မပြုလုပ်နိုင်ပါ။

၃.၃။ ကျွန်ုပ်တို့သည် အခြားတတိယအဖွဲ့အစည်းများ၏ website / apps များဂန်ဆောင်မှုများကို အခါအားလျော်စွာ ချိတ်ဆက်ကြောင်း(Link)ထည့်ထားပေးနိုင်ပါသည်။ ထိုသို့ပြုလုပ်ရခြင်းမှာ သုံးစွဲသူမိတ်ဆွေတို့ အဆင်ပြေချောမွေ့စေရေးအတွက်သာဖြစ်ပြီး ထိုသို့ချိတ်ဆက်ရောက်ရှိသွားသည့် website / apps သို့မဟုတ် ဂန်ဆောင်မှုများကို ထောက်ခံအားပေးခြင်း မဟုတ်ပါ။

၄။ မိတ်ဆွေ၏ ကြိုတင်ငွေသွင်းစာရင်းကိုဖြည့်သွင်းခြင်း

၄.၁။ မိတ်ဆွေ၏ ကြိုတင်ငွေသွင်းစာရင်း(?????ကျပ်)အောက်ရောက်သွားပါက ဝန်ဆောင်မှုပေးခြင်းကို ကျွန်ုပ်တို့သဘောဆန္ဒအလျောက် ရပ်ဆိုင်းနိုင်ပါသည်။ အကယ်၍ ဝန်ဆောင်မှုဆက်လက်ပေးနေခဲ့ပါလျှင်လည်း မိတ်ဆွေ၏မိုဘိုင်းစက်ပစ္စည်းကိရိယာ (Mobile Device) သို့မဟုတ် (SIM Card) ဆင်းကတ် အသုံးပြုခြင်းကြောင့် ကုန်ကျသည့်ခေါ် ဆိုခ ဝန်ဆောင်ခများကို ချက်ချင်းပေးဆပ်ရန် မိတ်ဆွေတွင်တာဝန်ရှိပါသည်။

၄.၃။ မိတ်ဆွေ၏ကြိုတင်ငွေသွင်းစာရင်းကို ပုံမှန်ဖြည့်တင်းခြင်းမပြုလုပ်ပါက ဝန်ဆောင်မှုများကို ကျွန်ုပ်တို့ဆန္ဒအလျောက် ရပ်ဆိုင်းနိုင်ပါသည်။ နောက်ဆုံးငွေဖြည့်တင်းခဲ့သောအချိန်၊ နောက်ဆုံးငွေဖြည့်တင်းခဲ့သောပမာဏအပေါ် မူတည်၍ မည်သည့်အချိန်တွင် ငွေထပ်ဖြည့်တင်းရမည်ကို ဆုံးဖြတ်ပေးပါမည်။ ဤအကြောင်းအရာကိုအခြေခံ၍ မိတ်ဆွေ၏စာရင်းတွင် ငွေလက်ကျန်ရှိနေသေးသော်လည်း ဝန်ဆောင်မှုရပ်ဆိုင်းခြင်းကို ခံရနိုင်ပါသည်။ ပိုမိုသိရှိလိုပါက သုံးစွဲသူဝန်ဆောင်ရေးဌာနသို့ ဆက်သွယ်ခြင်း၊ (POS) နှင့် website တွင် ဖော်ပြထားသော စည်းမျဉ်းစည်းကမ်းများကို ဖတ်ရှုလေ့လာခြင်းတို့ပြုလုပ် နိုင်ပါသည်။

၅။ မိတ်ဆွေ၏ ဝတ္တရား

၅.၁။ မိတ်ဆွေ၏မိုဘိုင်းစက်ပစ္စည်းကိရိယာ(Mobile Device) နှင့် SIM Card ကို အချိန်ပြည့်လုံခြုံစွာ ထိန်းသိမ်းထားရန်မှာ မိတ်ဆွေ၏တာဝန်သာဖြစ်ပါသည်။

၅.၂။ မိတ်ဆွေ SIM Card စတင်ဝယ်ယူချိန်တွင် SIM Card အခွံတွင်ပါရှိသော ဂဏန်းလေးလုံးပါ PIN နံပါတ်နှင့် ဂဏန်းရှစ်လုံးပါ PUK နံပါတ်တို့ကို အချိန်ပြည့်လုံခြုံစွာထိန်းသိမ်းထားရန်မှာ မိတ်ဆွေ၏တာဝန်သာဖြစ်ပါသည်။ မိတ်ဆွေ၏မိုဘိုင်းစက်ပစ္စည်းကိရိယာ(Mobile Device) ကို လျှို့ဝှက်နံပါတ်ဖြင့် ကာကွယ်ထားလိုလျှင် PIN နံပါတ်လိုအပ်ပါသည်။ PUK နံပါတ်သည် SIM Card ပိုင်ရှင်ဖြစ် ကြောင်း အထောက်အထားဖြစ်သောကြောင့် မိတ်ဆွေ၏ခွင့်ပြုချက်မရဘဲ မည်သူ့ကိုမျှပေးမသိ သင့်ပါ။ PUK နံပါတ်အသုံးပြုပြီး ကြိုတင်ငွေသွင်းစာရင်းကို ပြုပြင်ပြောင်းလဲခြင်း၊ သုံးစွဲသူဝန် ဆောင်ရေးဌာနသို့ ဆက်သွယ်ခြင်း၊ ပျောက်ဆုံး/ပျက်ဆီး/ခိုးယူခြင်း ခံရသော SIM Card အတွက် အစားထိုးထုတ်ယူခြင်း၊ ကျွန်ုပ်တို့၏ဝန်ဆောင်မှုအသစ်များ ရယူခြင်း စသည်တို့ ပြုလုပ် နိုင်ပါသည်။

၅.၃။ မိတ်ဆွေ၏မိုဘိုင်းစက်ပစ္စည်း (Mobile Device) ထံမှလက်ခံရရှိသော တောင်းဆိုမှု ညွှန်ကြားမှုများအားလုံးကို မိတ်ဆွေ၏တောင်းဆိုမှု ညွှန်ကြားမှုများဟု မှတ်ယူပါ့မည်။ SIM Card ပိုင်ရှင်အစစ်ဖြစ်ကြောင်း အထောက်အထားအနေဖြင့် စတင်ဝယ်ယူစဉ်က SIM Card အခွံတွင်ပါရှိသော PUK နံပါတ်ကိုတောင်းဆိုနိုင်ပါသည်။ ထို PUK နံပါတ်မှန်ကန်စွာပေးအပ်နိုင်ခြင်းမရှိပါက ထိုတောင်းဆိုသည့် ဝန်ဆောင်မှုနှင့် သုံးစွဲသူဝန်ဆောင်ရေးအထောက်အကူများ ပေးအပ်လိမ့်မည် မဟုတ်ပါ။

၅.၄။ မိတ်ဆွေနှင့်မိတ်ဆွေ၏ မိုဘိုင်းစက်ပစ္စည်း (Mobile Device) သို့မဟုတ် SIM Card အသုံး ပြုသူတိုင်းသည် အောက်ပါအချက်အလက်များကို လိုက်နာရပါမည်။

(က) ကျွန်ုပ်တို့၏ဝန်ဆောင်မှုနှင့် မိတ်ဆွေ၏မိုဘိုင်းစက်ပစ္စည်း (Mobile Device) နှင့်ပါတ်သက်သော လမ်းညွှန်ချက်နှင့်ညွှန်ကြားချက်များကို လိုက်နာရပါမည်။

(ခ) ကျွန်ုပ်တို့၏ဆက်သွယ်ရေးကွန်ယက်ကိုနှောင့်ယှက်ခြင်း၊ ကျွန်ုပ်တို့၏ကွန်ယက် နှင့်အထောက်အကူပစ္စည်းများ သို့မဟုတ်အခြားတတိယအဖွဲ့အစည်း၏ ကွန်ယက်နှင့်အထောက်အကူပစ္စည်းများ ထိခိုက်ပျက်စီးစေမည့် ဗိုင်းရပ်စ်နှင့်အခြား အရာအားလုံးကိုကျွန်ုပ်တို့ကွန်ယက်ထဲထည့်သွင်းခြင်း လုံးဝမပြုလုပ်ရပါ။

(ဂ) အခြားသုံးစွဲသူများ အနှောင့်အယှက်ဖြစ်စေမည့် နည်းလမ်းများဖြင့် မိတ်ဆွေ၏ မိုဘိုင်းစက်ပစ္စည်း (Mobile Device) နှင့်ဝန်ဆောင်မှုများကို အသုံးမပြုပါနှင့်။

(ဃ) အခြား သူများအား စော်ကားသော နှိပ်စက်ညှဉ်းပန်းသော အပြုအမူများဖြင့်သော်လည်းကောင်း၊ တရားဥပဒေနှင့်မညီညွတ်သော စာရိတ္တပျက်ပြားစေသော လိမ်လည်မှုမြောက်သော ရည်ရွယ်ချက်ဖြင့်သော်လည်းကောင်း၊ မိတ်ဆွေ၏ မိုဘိုင်းစက်ပစ္စည်းကိရိယာ (Mobile Device) နှင့် ဝန်ဆောင်မှုများကိုအသုံးမပြုပါနှင့်။

(င) နှောင့်ယှက်စာများ ဖျက်ဆီးစာများပေးပို့ခြင်း ဥပဒေနှင့်မညီညွတ်သော သတင်းအချက်အလက်များ ထုတ်ပြန်ခြင်း၊ အခြားသူများ၏ အချက်အလက်များကိုစုဆောင်းခြင်း၊ တစ်ကိုယ်ရေ အမှတ်အသားတု ဖန်တီးခြင်း၊ အခြားတတိယအဖွဲ့အစည်းများ၏ မူပိုင်ခွင့်ကို

ထိပါးစေနိုင်သော အချက်အလက်များကိုရယူခြင်း၊ website ပေါ်တင်ခြင်း (Upload ပြုလုပ်ခြင်း) စသည်တို့ကို မိတ်ဆွေ၏မိုဘိုင်းစက်ပစ္စည်းကိရိယာ (Mobile Device) နှင့် ဂန်ဆောင်မှုများမှတဆင့် မပြုလုပ်ပါနှင့်။

(စ ) ဂန်ဆောင်နှင့်ပါတ်သက်၍ မိတ်ဆွေကိုပေးအပ်ထားသော PIN နံပါတ် PUK နံပါတ် နှင့် အခြားဂင်ခွင့်နံပါတ်များကို လုံခြုံစွာသိမ်းဆည်းထားပြီး မည်သူ့ကိုမှ မပေးပါနှင့်။

(ဆ) ကျွန်ုပ်တို့၏ကွန်ယက်နှင့်တွဲဖက် အသုံးပြုရန်ခွင့်ပြုထားသည့်အပြင် ဆက်သွယ်ရေး ဥပဒေစည်းမျဉ်းများနှင့် ကိုက်ညီသော မိုဘိုင်းစက်ပစ္စည်းကိရိယာ (Mobile Device) နှင့် တွဲဖက်ပစ္စည်းများကိုသာ အသုံးပြုပါ။

(ဇ ) ကျွန်ုပ်တို့ဆီမှ ဂယ်ယူထားသော SIM Card ဖြင့် အခြားမိုဘိုင်းကွန်ယက်များတွင် ဂင်ရောက်ဆက်သွယ်ခြင်းမပြုပါနှင့်။

(ဈ ) ကျွန်ုပ်တို့ဂန်ဆောင်မှု နှင့် အချက်အလက်များကို အခြားတစ်ဦးတစ်ယောက်ကို စီးပွားဖြစ် ပြန်လည်ရောင်းချခြင်း မပြုလုပ်ရပါ။

(ည) မိတ်ဆွေ၏မိုဘိုင်းစက်ပစ္စည်းကိရိယာ (Mobile Device) အသုံးပြုမှုနှင့် ကျွန်ုပ်တို့၏ ဂန်ဆောင်မှုများကို အသုံးပြုမှုကြောင့်ဖြစ်ပေါ်လာသော တရားရင်ဆိုင်ခြင်း၊ ငွေကြေး စရိတ်စကများ ဆုံးရှုံးခြင်းတို့တွင် ကျွန်ုပ်တို့အပေါ်တာဂန်မရှိစေရ။ ဤကင်းလွတ်ခွင့်သည် ကျွန်ုပ်တို့၏ အရာရှိများ၊ ဂန်ထမ်းများ၊ ကန်ထရိုက်တာများ၊ အေးဂျင့်များအားလုံးအပေါ် တွင်လည်း သက်ရောက်စေရမည်။

၅.၅။ ကျွန်ုပ်တို့၏ကွန်ယက်နှင့် ဂန်ဆောင်မှုများပြည့်စုံကောင်းမွန်စေရန်အတွက် ထိန်းသိမ်းစောင့်ရှောက်ရန်အလို့ငှာဖြစ်စေ ဥပဒေကြောင်းအရညွှန်ကြားချက်ကြောင့်ဖြစ်စေ မိတ်ဆွေ၏ မိုဘိုင်းစက်ပစ္စည်းကိရိယာ (Mobile Device) ကို ကျွန်ုပ်တို့ သို့မဟုတ် ကျွန်ုပ်တို့ခွင့်ပြုချက်ပေးထားသောပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှနေ၍ အဂေးမှဂင်ရောက်ကြည့်ရှုခွင့်ပြုရပါမည်။

၅.၆။ ဂန်ဆောင်မှုများပေးနိုင်ရန်အတွက် မိတ်ဆွေ၏တကိုယ်ရေသတင်းအချက်အလက်များကို လိုအပ်ကောင်း လိုအပ်နိုင်ပါသည်။ မိတ်ဆွေစတင် မှတ်ပုံတင်သောအချိန်တွင်လည်းကောင်း၊

ဝန်ဆောင်မှုများ စတင်အသုံးပြုသောအချိန်တွင်လည်းကောင်း၊

မိတ်ဆွေ၏အချက်အလက်များကိုစုဆောင်းရယူ ပါမည်။မိတ်ဆွေဘက်မှ သဘောတူရမည်မှာ

(က) ထိုသို့ပေးအပ်သောအချက်အလက်များသည် မိတ်ဆွေသိရှိသလောက်တိကျမှန်ကန်မှု ရှိခြင်း

(ခ ) စတင်မှတ်ပုံတင်သောအချိန်တွင် မိတ်ဆွေပေးအပ်ခဲ့သောအချက်အလက်များ တချိန်ချိန်တွင်ပြောင်းလဲမှုရှိလာပါကလည်း ထိုအချက်အလက်များကို သုံးစွဲသူဝန်ဆောင်ရေးဌာနသို့ဆက်သွယ်ပေးပို့ခြင်း။

၅.၇။ မိတ်ဆွေ၏သတင်းအချက်အလက်များ စိတ်ချလုံခြုံမှုရှိစေရေးသည် မည်မျှအရေးပါသည်ကို ကျွန်ုပ်တို့နားလည်သဘောပေါက်ပါသည်။ ထိုသို့ထိန်းသိမ်းထားနိုင်ရန်အတွက်လည်း ကျွန်ုပ်တို့သည်

(က) မိတ်ဆွေပေးအပ်ထားသောအချက်အလက်များကို

(၁) ဝန်ဆောင်မှုနှင့်သုံးစွဲသူဝန်ဆောင်ရေးအတွက်သာအသုံးပြုခြင်း၊

(၂) မိတ်ဆွေစိတ်ဝင်စားလောက်မည်ဖြစ်သော ကျွန်ုပ်တို့၏အခြား ဝန်ဆောင်မှုထုတ်ကုန်ပစ္စည်းများ ကမ်းလှမ်းချက်များပေးပို့ခြင်းတို့အတွက်သာ သုံးစွဲမည်သာဖြစ်ပါသည်။

(ခ ) မိတ်ဆွေ၏သတင်းအချက်အလက်များကို အခြားသူများတောင်းခံလာခဲ့သော် အောက်ပါကိစ္စများအတွက်သာ ပေးအပ်ပါသည်။

(၁) အကြွေးငွေကောက်ခံခြင်း။

(၂) တယ်လီဖုန်းလမ်းညွှန်စာရင်းများအတွက်

(၃) ဥပဒေကြောင်းအရ တောင်းဆိုခြင်း

၆။ မိုဘိုင်းစက်ပစ္စည်းကိရိယာ (Mobile Device) နှင့် SIM Card

၆.၁။ မိတ်ဆွေသို့ပေးအပ်ထားသော SIM Card သည် ကျွန်ုပ်တို့၏ပိုင်ဆိုင်မှုသာဖြစ်ပြီး ဤသဘော တူစာချုပ်ပြီးဆုံးသွားသည်နှင့် တပြိုင်နက် ကျွန်ုပ်တို့ထံပြန်လည်ပေးအပ်ရပါမည်။ ၎င်း SIM Card ကိုကောင်းမွန်စွာ ထိန်းသိမ်းထားရန်မှာမိတ်ဆွေ၏တာဝန်သာဖြစ်ပါသည်။

၆.၂။ မိတ်ဆွေ၏မိုဘိုင်းစက်ပစ္စည်းကိရိယာ (Mobile Device) နှင့် SIM Card ပျောက်ဆုံး/ပျက်ဆီး / ခိုးယူခြင်း ခံရပါက ကျွန်ုပ်တို့ထံချက်ချင်းအကြောင်းကြားရပါမည်။ မိတ်ဆွေ၏မိုဘိုင်းစက်ပစ္စည်း ကိရိယာ (Mobile Device) နှင့် SIM Card ပျောက်ဆုံး/ပျက်ဆီး/ခိုးယူခြင်း ခံရပါက မိတ်ဆွေ၏ ကြိုတင်ငွေသွင်းစာရင်းတွင် ကျန်ရှိခဲ့သောငွေကိုပြန်အမ်းရန် ကျွန်ုပ်တို့တွင်တာဝန်မရှိပါ။ ကျွန်ုပ် တို့ဝန်ဆောင်မှုများကို ဆက်လက်အသုံးပြုလိုပါက မိုဘိုင်းစက်ပစ္စည်းကိရိယာ (Mobile Device) သို့မဟုတ် အပြင် SIM Card အသစ်တစ်ခု ထပ်မံဝယ်ယူရပါမည်။ပျောက်ဆုံး/ပျက်ဆီး/ခိုးယူခြင်း ခံရသော မူလ SIM Card ဝယ်ယူစဉ်အချိန်က ကဒ်အခွံတွင်ပါရှိသော ဂဏန်းရှစ်လုံးပါ PUK နံပါတ် တင်ပြနိုင်ခြင်းမရှိပါက အစားထိုး SIM Card ထုတ်ပေးနိုင်မည်မဟုတ်ပါ။

၆.၃။ အခြားသူထံမှ ဝယ်ယူရရှိသော မိုဘိုင်းစက်ပစ္စည်းကိရိယာ(Mobile Device) နှင့်တွဲဖက်ပစ္စည်းများ ကောင်းမွန်စွာ အလုပ်မလုပ်ပါက သက်ဆိုင်ရာအရောင်းဆိုင်၊ ထုတ်လုပ်သူထံ ဆက်သွယ်မေး မြန်းစုံစမ်းပါ။ ကျွန်ုပ်တို့ထံမှ တိုက်ရိုက်ဝယ်ယူသော မိုဘိုင်းစက်ပစ္စည်းကိရိယာ(Mobile Device) နှင့်တွဲဖက်ပစ္စည်းများအတွက်သာ သီးသန့်အာမခံ ကာလနှင့်စည်းမျဉ်းစည်းကမ်းများအရ တာဝန် ယူပေးပါမည်။

၆.၄။ မိတ်ဆွေသိရှိသည်ဖြစ်စေ မသိရှိသည်ဖြစ်စေ မိတ်ဆွေ၏မိုဘိုင်းစက်ပစ္စည်းကိရိယာ(Mobile Device) နှင့် SIM Card မှတဆင့်သုံးစွဲသော ဝန်ဆောင်မှုများအတွက် ဝန်ဆောင်မှုကြေးများ စရိတ်စကများအားလုံးကို မိတ်ဆွေမှတာဝန်ယူရပါမည်။ မိတ်ဆွေ၏မိုဘိုင်းစက်ပစ္စည်းကိရိယာ (Mobile Device) နှင့် SIM Card တို့ ပျောက်ဆုံး/ပျက်ဆီး/ခိုးယူခြင်း ခံရသည့်အချိန်သည်လည်း ဤစည်းမျဉ်းနှင့်အကျုံးဝင်ပါသည်။

၆.၅။ မူလဝယ်ယူစဉ်က မိတ်ဆွေ၏ SIM Card အခွံတွင်ပါရှိသော ဂဏန်းရှစ်လုံးပါ PUK နံပါတ်ကို အသုံးပြုပြီးရယူသော အပိုဝန်ဆောင်မှုများအားလုံးအတွက် ဝန်ဆောင်မှုကြေးများ စရိတ်စကများ အားလုံးကို မိတ်ဆွေမှတာဝန်ယူရပါမည်။

၆.၆။ မိတ်ဆွေသည် အကယ်၍မိုဘိုင်းဖုန်းနံပါတ်အသစ် သို့မဟုတ် SIM Card အသစ်ဝယ်ယူပါက ၎င်းအတွက် ကြိုတင်ငွေသွင်းစာရင်းအသစ်တစ်ခုလိုအပ်ပါသည်။

၇။ ဝန်ဆောင်မှုများ ဆိုင်းငံ့ထားခြင်း၊ ခေတ္တရပ်ဆိုင်းထားခြင်း၊ ကန့်သတ်ထားခြင်း

၇.၁။ ကြိုတင်သတိပေးခြင်းမရှိဘဲ အောက်ဖော်ပြပါအချက်အလက်များအရ မိတ်ဆွေ၏ဝန်ဆောင်မှုအချို့ကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ဆိုင်းငံ့ထားခြင်း၊ ခေတ္တရပ်ဆိုင်းထားခြင်း၊ ကန့်သတ်ထားခြင်းပြုလုပ်ပါမည်။

(က) မိတ်ဆွေ၏မိုဘိုင်းစက်ပစ္စည်းကိရိယာ (Mobile Device) သို့မဟုတ် SIM Card ပျောက်ဆုံးသည် ဒါမှမဟုတ် ခိုးယူခြင်းခံရသည်ဟု ကျွန်ုပ်တို့က သံသယရှိခဲ့လျှင်၎င်း၊ မိတ်ဆွေက တိုင်ကြားခဲ့သော်လျှင်၎င်း။

(ခ ) မိတ်ဆွေ သို့မဟုတ် မိတ်ဆွေ၏မိုဘိုင်းစက်ပစ္စည်းကိရိယာ (Mobile Device) နှင့် SIM Card ကိုအသုံးပြုသည့် မည်သူမဆို ဤသဘောတူစာချုပ်တွင်ပါသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းမရှိခဲ့လျှင်သော်၎င်း၊ ကျွန်ုပ်တို့၏ကွန်ယက်ကို ပျက်စီးစေခဲ့လျှင်သော်၎င်း။

(ဂ ) မိတ်ဆွေ သို့မဟုတ် မိတ်ဆွေ၏မိုဘိုင်းစက်ပစ္စည်းကိရိယာ (Mobile Device) နှင့် SIM Card ကိုအသုံးပြုသည့် မည်သူမဆို တရားမဝင်ပြုပြင်ပြောင်းလဲထားသော International Mobile Station Equipment Identifier (IMEI) တစ်ခုကိုအသုံးပြုနေသည် သို့မဟုတ် ပြုပြင်ပြောင်းလဲထားသော ဆော့ဖ်ဝဲ များဖြင့် SIM Card ကိုအသုံးပြုနေသည်ဟု ကျွန်ုပ်တို့သံသယရှိခဲ့လျှင်သော်၎င်း။

(ဃ) ကျွန်ုပ်တို့၏ကွန်ယက်ကို ပြုပြင်ထိန်းသိမ်းရေး၊ အဆင့်မြှင့်တင်ရေးပြုလုပ်ရန် လိုအပ်လျှင်သော်၎င်း။

(င ) မိတ်ဆွေ သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် လိမ်လည်လိုသည့်ဆန္ဒဖြင့်ဖြစ်စေ၊ တရားမဝင်အပြုအမူ တစ်ခုဖြင့်ဖြစ်စေ၊ ကျွန်ုပ်တို့ သို့မဟုတ် အခြားတတိယအဖွဲ့

အစည်း သို့မဟုတ် ပြည်ထောင်စုသမ္မတနိုင်ငံတော်အား ထိခိုက်ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ကျွန်ုပ်တို့၏ ဝန်ဆောင်မှုများဖြင့် အသုံးချနေသည်ဟု သံသယရှိခဲ့လျှင်သော်၎င်း။

(စ ) အခြားသောအကြောင်းအရာများအတွက် မိတ်ဆွေအား အကျိုးအကြောင်းဆီလျော်သော အကြောင်းပြချက်ပေးပြီးလျှင်သော်၎င်း။

(ဆ) မိတ်ဆွေမှလ SIM Card ဝယ်ယူစဉ်က SIM Card အခွံတွင်ပါရှိသော ဂဏန်းရှစ်လုံး ပါ PUK နံပါတ်တင်ပြနိုင်ခြင်းမရှိခဲ့လျှင်သော်၎င်း၊

၇.၂။ ဝန်ဆောင်မှုများ ဆိုင်းငံ့ထားခြင်း၊ ခေတ္တရပ်တန့်ထားခြင်း၊ ကန့်သတ်ထားခြင်း၊ ပြုလုပ်ထား ပါက ပြန်လည်ချိတ်ဆက်ခြင်းအတွက် ဝန်ဆောင်ခတစ်ရပ်ပေးဆောင်ပြီးမှ ကျွန်ုပ်တို့၏ဝန်ဆောင်မှုများကိုပြန်လည်အသုံးပြုခွင့်ရှိပါမည်။ မိတ်ဆွေ၏မိုဘိုင်းစက်ပစ္စည်းကိရိယာ(Mobile Device) ပျောက်ဆုံးခြင်း ခိုးယူခံရခြင်းသည်လည်း ဤအချက်တွင်အကျုံးဝင်ပါသည်။

၈။ ကျွန်ုပ်တို့၏ ဝန်ဆောင်မှုများကို စွန့်လွှတ်ခြင်း၊ အဆုံးသတ်ခြင်း

၈.၁။ မိတ်ဆွေ၏ဆန္ဒအလျောက် ဤသဘောတူစာချုပ်ကို အောက်ပါနည်းလမ်းများအတိုင်း အချိန်မရွေး စွန့်လွှတ်ခြင်း၊ အဆုံးသတ်နိုင်များပြုနိုင်သည်။

(က) အပိုဒ် ၄.၃။ အရ မိတ်ဆွေ၏ကြိုတင်ငွေသွင်းစာရင်းကို ငွေဖြည့်ရန်ပျက်ကွက်ခြင်း။

(ခ ) သုံးစွဲသူဝန်ဆောင်ရေးဌာနသို့ ဆက်သွယ်ပြီးမိတ်ဆွေ၏ကြိုတင်ငွေသွင်းစာရင်း ကို ပယ်ဖျက်ရန်တောင်းဆိုခြင်း။

၈.၂။ မိတ်ဆွေ၏သုံးစွဲသူ မှတ်ပုံတင်အချက်အလက်များကို တိကျပြည့်စုံစွာဖြည့်သွင်းပေးရန် နို့တစ်ပေးသည့်ရက်မှ ၁၄ ရက်(တစ်ဆယ့်လေးရက်) အတွင်းလိုက်နာဆောင်ရွက်ခြင်းမရှိပါက ဤသဘောတူစာချုပ်ကို ကျွန်ုပ်တို့ဆန္ဒအလျောက် ဖျက်သိမ်းပြီး မိတ်ဆွေအသုံးပြုလိုသော ဝန်ဆောင်မှုများကို ထပ်မံသတိပေးခြင်းမရှိဘဲ ရပ်ဆိုင်းပါမည်။

၈.၃။ ကျွန်ုပ်တို့၏မည်သည့်ဂန်ဆောင်မှုများကိုမဆို မိတ်ဆွေထံစာတိုပို့ခြင်း၊ အီးမေးလ်ပို့ခြင်း၊ စာရေး အကြောင်းကြားခြင်း၊ ဖုန်းခေါ်ဆိုခြင်းဖြင့်အကြောင်းကြားခြင်း ၊နေ့စဉ်ထုတ်သတင်းစာကြီးများ ဂျာနယ်များတွင် နို့တစ်ထုတ်ပြန်ခြင်း ကျွန်ုပ်တို့၏ website တွင်နို့တစ်ထုတ်ပြန်ခြင်း၊ စသည့် နည်းလမ်းများဖြင့် အချိန်မရွေးအကြောင်းမရွေး ရပ်ဆိုင်းပြီး ဤသဘောတူစာချုပ်ကိုဖျက်သိမ်း နိုင်ပါသည်။ ထိုသို့ ဂန်ဆောင်မှုများမရပ်ဆိုင်းမီ အနည်းဆုံး ရက် ၃၀ (ရက်သုံးဆယ်) ကြိုတင်အကြောင်း ကြားနိုင်ရန်အတွက် ကျွန်ုပ်တို့အစွမ်းရှိသမျှကြိုးစားပါမည်။

၈.၄။ ဤသဘောတူစာချုပ် ဖျက်သိမ်းလိုက်ပါက

(က) မိတ်ဆွေ၏ကြိုတင်ငွေသွင်းစာရင်းတွင် ကျန်ရှိနေသည့် လက်ကျန်ငွေများအား ဆက်လက်အသုံးပြု၍ ရတော့မည်မဟုတ်ဘဲ ပြန်အမ်းငွေလည်းထုတ်ပေးတော့ မည် မဟုတ်ပါ။

(ခ ) မိတ်ဆွေ၏ SIM Card တွင်သိမ်းဆည်းထားသော အမည်၊ ဖုန်းနံပါတ်နှင့်အခြား အချက် အလက်များ ပျောက်ဆုံး သွားနိုင်ပါသည်။

(ဂ ) ကျွန်ုပ်တို့၏ဂန်ဆောင်မှုများနှင့်ပါတ်သက်၍ မိတ်ဆွေကိုအသုံးပြုခွင့်ပေးထားသော ဂင်ခွင့်နံပါတ်များအားလုံးကိုလည်း အသုံးပြုခွင့်မရှိတော့ပါ။

၈.၅။ ဤသဘောတူစာချုပ်ကိုဖျက်သိမ်းပြီးနောက် ဂန်ဆောင်မှုများပြန်လည်အသုံးပြုလိုပါက ပြန်လည် ချိတ်ဆက်ခ တစ်ရပ်ပေးဆောင်ရပါမည်။ ထို့အပြင် SIM Card အသစ်တစ်ခု ပြန်လည်ဂယ်ရ ပါမည်။ ဤသဘောတူစာချုပ်ကိုဖျက်သိမ်းပြီးချိန်တွင်မှ အကျိုးသက်ရောက်မှုရှိသည့် ရပိုင်ခွင့်နှင့် တာဂန်ဂတ္တရားများသည် စာချုပ်ဖျက်သိမ်းခြင်းနှင့်မသက်ဆိုင်စေရ။

၉။ လျော်ကြေးနှင့်တာဂန်ယူမှု

၉.၁။ ကျွန်ုပ်တို့၏ဂန်ဆောင်မှုများနှင့်ပါတ်သက်၍ အခက်အခဲတစ်စုံတစ်ရာရှိပါက သုံးစွဲသူဂန်ဆောင် ရေးဌာနသို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ပါသည်။ စာချုပ်စာတမ်းဆိုင်ရာဖြစ်စေ၊ တရားမမှု ဖြစ်စေ၊ (ပေါ့လျော့မှုအပါအဂင်) လျော်ကြေးပေးရခြင်း မရှိစေရ။

၉.၂။ အပိုဒ် ၉.၁။ ပါ ခြွင်းချက်များနှင့်ပါတ်သက်ခြင်းမရှိပါက မိတ်ဆွေ သို့မဟုတ် မိတ်ဆွေမှတဆင့် တောင်းခံသူတို့ ရရှိနိုင်သော ကျွန်ုပ်တို့ပေးလျော်ရမည့်နှစ်နာကြေးမှာ

(က) မည်သည့်အဖြစ်အပျက်အခြေအနေ သို့မဟုတ် ဆင့်ကဲဖြစ်စဉ်အတွက်မဆို မြန်မာကျပ်ငွေ ၂၅ဂဂိ/- (နှစ်ထောင့်ငါးရာ) ထက်မပိုစေရ။

(ခ ) အချိန် ၁၂ လ(ဆယ့်နှစ်လ) တာကာလအတွင်းဖြစ်ပွားသမျှ အဖြစ်အပျက်အခြေ အနေများ အားလုံးပေါင်းအတွက် မြန်မာကျပ်ငွေ ၁၅ဂဂဂိ/- (တစ်သောင်းငါးထောင်) ထက်မပိုစေရ။

၁ဂ။ မမျှော်မှန်းနိုင်သော အကြောင်းအရာများ

မီးလောင်ခြင်း ရေကြီးခြင်း မိုးသည်းထန်စွာရွာသွန်းခြင်း မုန်တိုင်းတိုက်ခတ်ခြင်းနှင့်အခြားပြင်းထန်သော ရာသီဥတုအခြေအနေများ၊ အဓိကရုဏ်းဖြစ်ပွားခြင်း၊ ပုန်ကန်ထကြွခြင်း၊ ပြည်သူများအုံကြွခြင်း၊ သပိတ်မှောက်ခြင်း၊ စီးပွားရေးပိတ်ဆို့ခြင်း၊ သွင်းကုန်ထုတ်ကုန်များ တားမြစ်ပိတ်ဆို့ခြင်း စသဖြင့် ကျွန်ုပ်တို့ထိန်းချုပ်ခြင်းငှာမတတ်နိုင်သော အကြောင်းချင်းရာများကြောင့် ဤသဘောတူစာချုပ်ပါ တာဝန်ဝတ္တရားများကိုထမ်းဆောင်နိုင်ခြင်း မရှိခဲ့ပါက ထိုဖြစ်ပျက်နေသောအခြေအနေများ ၎င်းတို့ကြောင့်အကျိုးသက်ရောက်မှုရှိမည့် တာဝန်ဝတ္တရားများကို မိတ်ဆွေသိရှိစေနိုင်ရန် အကြောင်းကြားပေးပါမည်။ ထိုသို့ဖြစ်ပေါ်နေသောအဖြစ်အပျက်အကြောင်းချင်းရာများ ပြီးဆုံးသွားသည်အထိ ဤသဘောတူစာချုပ်ပါ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းနိုင်စွမ်းအား ခေတ္တဆိုင်းငံ့ ထားပါမည်။ ထိုအကြောင်းအချင်းရာအဖြစ်အပျက်များကြောင့် နောင်ဖြစ်ပေါ်လာနိုင်သည့် တာဝန်ပျက်ကွက်ခြင်း တာဝန်ထမ်းဆောင်မှုနှောင့်နှေးခြင်းများအတွက် ကျွန်ုပ်တို့တာဝန်မရှိပါ။

၁၁။ အထွေထွေ

မိတ်ဆွေနှင့်ယခုချုပ်ဆိုထားသော ဤသဘောတူစာချုပ်ပါ အကြောင်းအရာများအားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို အခြားအဖွဲ့အစည်းတစ်ခုခုထံသို့လွှဲပြောင်းပေးကောင်း လွှဲပြောင်းပေးနိုင်ပါသည်။ ဤသဘောတူစာချုပ်ပါ အချက်အလက်တစ်ခုချင်းဆီသည် သီးခြားရပ်တည်နိုင်သည့် အကြောင်းအရာများဖြစ်ပါသည်။ အကြောင်းတစ်ခုခုကြောင့် အချက်အလက်တစ်ခုသည်

တရားဥပဒေကြောင်းအရနှင့် ဆီလျော်ခြင်းမရှိသော်လည်း ကျန်ရှိသော အချက်အလက်များသည် တရားဥပဒေနှင့် ဆက်လက်အကျုံးဝင်နေပါမည်။ တရားဥပဒေကြောင်းအရနှင့် ဆီလျော်ခြင်းမရှိသည့် အချက်အလက်ကို အဓိပ္ပာယ်ဆင်တူသော တရားဥပဒေနှင့် အကျုံးဝင်သည့် အချက်အလက်ဖြင့် ဆက်လက်အစားထိုးပါမည်။

မိတ်ဆွေရော ကျွန်ုပ်တို့ပါ ဤသဘောတူစာချုပ်ပါ ရပိုင်ခွင့်လုပ်ပိုင်ခွင့်များကို လုပ်ကိုင်ဖော်ဆောင်ရာတွင် နှောင့်နှေးခြင်း အောင်မြင်မှုမရှိခြင်း ဖြစ်ယုံမျှဖြင့် ထိုရပိုင်ခွင့်လုပ်ပိုင်ခွင့်များကို စွန့်လွှတ်သည်ဟု မယူစေရ။ ဤသဘောတူပါစာချုပ်မှ အချက်အလက်တစ်ခုကို ချိုးဖောက်ခြင်းအား  အရေးယူခြင်းမှစွန့်လွှတ်ခြင်းသည်လည်း အခြားအချက်အလက်ချိုးဖောက်မှုများကို အရေးယူခြင်းမှစွန့်လွှတ်ခြင်း မဖြစ်စေရ။

၁၂။ အငြင်းပွားမှုများ ဖြေရှင်းခြင်း

ကျွန်ုပ်တို့၏ဝန်ဆောင်မှုများနှင့်ပါတ်သက်သည့် အခက်အခဲများဖြေရှင်းပေးခြင်းကို မိတ်ဆွေက ကျေနပ်နှစ်သိမ့်မှုမရှိပါက သုံးစွဲသူဝန်ဆောင်ရေးဌာနသို့ဆက်သွယ်ပြီး ဆွေးနွေးညှိနှိုင်းနိုင်ပါမည်။ ထိုသို့ဆက်သွယ်ဆွေးနွေးပြီးသည့်တိုင် ကျေနပ်မှုမရရှိပါက ကြုံတွေ့ရသော အခက်အခဲများနှင့် ဖြေရှင်းပေးရာတွင် လိုအပ်ချက်များကို စာဖြင့်ဖြစ်စေ အီးမေးလ်ဖြင့်ဖြစ်စေ ကျွန်ုပ်တို့ထံရေးသားအသိပေးအကြောင်းကြားနိုင်ပါသည်။ ဤသဘောတူစာချုပ်ကို ကျွန်ုပ်တို့ဘက်မှ ချိုးဖောက်သည်ဟု မိတ်ဆွေကယုံကြည်သည်ဖြစ်စေ မိတ်ဆွေ၏စာ သို့မဟုတ် အီးမေးလ် ကိုလက်ခံရရှိပြီး ရက် ၆၀ (ရက်ခြောက်ဆယ်) အတွင်း ထိုချိုးဖောက်မှုကို ပြင်ဆင်ပေးခြင်း မရှိပါဟု ယုံကြည်သည်ဖြစ်စေမှသာ ကျွန်ုပ်တို့အပေါ်တရားစွဲဆိုခြင်း ပြုလုပ်သင့်ပါသည်။ လျော်ကြေးတောင်းဆိုစေရသည့် အဖြစ်အပျက်(များ)ဖြစ်ပွားပြီးချိန်မှ ၁၂ လ(ဆယ့်နှစ်လ) အတွင်း ဥပဒေကြောင်းအရ အရေးဆိုမှု မပြုပါက မိတ်ဆွေ၏လျော်ကြေးတောင်းဆိုခွင့်ကို စွန့်လွှတ်လိုက်သည်ဟု မှတ်ယူပါမည်။

၁၃။ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

ဤသဘောတူစာချုပ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများအရ အတည်ဖြစ်ပြီး ဤသဘောတူစာချုပ်အရ အငြင်းပွားဖွယ်ရာ တရားစွဲဆိုဖွယ်ရာများ ဖြစ်ပေါ်လာပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏တရားရုံးများတွင်သာ စီရင်ပိုင်ခွင့်ရှိစေရမည်။ ဤသဘောတူ

စာချုပ်တွင် တိကျစွာ အဓိပ္ပာယ်သတ်မှတ်ထားသော စကားလုံးအသုံးအနှုန်းများပါရှိပြီး ထိုအဓိပ္ပာယ်များကိုအောက်ပါအတိုင်းမှတ်ယူပါမည်။

မိုဘိုင်းစက်ပစ္စည်းကိရိယာ (Mobile Device) ဆိုသည်မှာ ကျွန်ုပ်တို့၏ကွန်ယက်တွင် အသုံးပြုနိုင်သည့် SIM Card ထည့်သွင်းပြီး ကျွန်ုပ်တို့၏ဂန်ဆောင်မှုများကို ရယူသုံးစွဲနိုင်သည့် မိုဘိုင်းဖုန်း (သို့မဟုတ်) အခြားစက်ပစ္စည်းကိရိယာကိုမဆို ဆိုလိုသည်။

SIM Card ဆိုသည်မှာ မိုဘိုင်းစက်ပစ္စည်းကိရိယာ (Mobile Device) တစ်ခုတွင် ထည့်သွင်းပြီး ကျွန်ုပ်တို့၏ ဂန်ဆောင်မှုများကို ရယူသုံးစွဲနိုင်သည့် မည်သည့် SIM Card မဆို ဆိုလိုသည်။

ကျွန်ုပ်၊ ကျွန်ုပ်တို့၊ ကျွန်ုပ်တို့ကို၊ ကျွန်ုပ်တို့၏ ဆိုသည်မှာ Ooredoo Myanmar Limited ကိုဆိုလိုသည်။

မိတ်ဆွေ၊ မိတ်ဆွေ၏ ဆိုသည်မှာ ဤသဘောတူစာချုပ်ကို သဘောတူလက်မှတ်ရေးထိုးသော ကျွန်ုပ် တို့၏ ဂန်ဆောင်မှုများကို ရယူသုံးစွဲခွင့်ရသူကို ဆိုလိုသည်။